# မေမေ
# သား ဖျား ပြီ



This book was adapted into the Myanmar Language by MBAPF in partnership with
Room to Read Accelerator™ under the Myanmar Let's Read Project

# I'm Sick, Mom!
# မေမေ သား ဖျားပြီ

Author: Vũ Thị Thùy Dung
Illustrator: Phan Thành Đạt

Editor: လူသာမန်
Translators: ကျော်လင်း၊ ချိုသဲ၊ ဆုမြတ်ငွေး

MM-ABP-19-0021
Copyright © 2016 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Vietnam by Room to Read in 2016
First Myanmar Language Edition
ISBN – 978-99971-54-21-7

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving the quality and access to library services throughout Myanmar (Burma). Learn more at www.mbapf.org

Room to Read ACCELERATOR PROJECT

Room to Read ® Accelerator provides technical assistance services in children's literacy and girls' education. Learn more at www.roomtoread.org.

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Vietnam:
972E Trường Sa Street,
Ward 13, District 3, Ho Chi Minh City,
Vietnam

ထုတ်ဝေသူ –
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် – ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊
ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊
ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com


မေမေ
သား ဖျား ပြီ



ဒီနေ့မနက် ...








မောင်ထင် ကျောင်းကို မသွားချင်ဘူး။









နေပါဦး။






မောင်ထင် အော်ပြောလိုက်တယ်။
“မေမေ သား ဖျားပြီ”



မေမေက တစ်ခါတည်း ယုံသွားပြီး သူ့ကို ကျောင်းမလွှတ်တော့ဘဲ အိမ်မှာပဲ နေခိုင်း လိုက်တယ်။



ဒါပေမယ့်
မောင်ထင့်ကို တီဗွီ
ကြည့်ခွင့် မပေးဘူး။

မေမေက ပြောတယ်။
“သား ဖျားနေတယ်လေ”

မောင်ထင် ငိုမဲ့မဲ့နဲ့ ပြန်ပြောတယ်။
“ဒါပေမယ့် ဒီနေ့ ကာတွန်းကားအသစ် လာမှာ”



မောင်ထင့်ကို ဘောလုံးကန်ခွင့် မပေးဘူး။



မေမေက ပြောတယ်။
“သား ဖျားနေတယ်လေ”

မောင်ထင် စတင် ငြီးငွေ့လာတယ်။
“ဒါပေမယ့် အိမ်ထဲမှာ နေရတာ
ပျင်းစရာကြီး”





မောင်ထင်
ရေနွေး
သောက်ရတယ်။

မေမေက ပြောတယ်။
“သား ဖျားနေတယ်လေ”

မောင်ထင်က ပူဆာတယ်။
“သားက အအေးသောက်ချင်တာ”







မောင်ထင် ဆန်ပြုတ်သောက်ရတယ်။
မောင်ထင် စိတ်ညစ်နေပါပြီ။
“ဆန်ပြုတ်ကြီးကို မုန်းတယ်။ သားက
ကြက်သားကင်ပဲ စားချင်တာ”

မေမေက ပြောတယ်။
“သား ဖျားနေတယ်။ ဆေးသောက်ရမယ်”




မောင်ထင် လန့်နေပါပြီ။
“ဟင့်အင်း။ ဆေးတွေက ခါးတယ်။
မသောက်ဘူး”





မေမေက ဆက်ပြောတယ်။
“ဒါပေမယ့် သား ဖျားနေတယ်လေ။
ပြီးတော့ ဆေးလည်း ထိုးရမယ်”



မောင်ထင် ကြောက်ကြောက်နဲ့ အော်တော့တာပေါ့။
“မထိုးဘူး၊ ဆေးမထိုးချင်ဘူး၊ ဟင့်အင်း”





“ခဏနေရင် နေကောင်းသွားမှာပါ။
ဆေးထိုးစရာမလိုပါဘူး”



မေမေက ပြောတယ်
“မရဘူး”

“သား ဖျားနေလို့
ဆေးထိုးရမှာလေ”



မောင်ထင် ခေါင်းကို သွင်သွင် ခါယမ်းပြီး
အတင်း ငြင်းတော့တယ်။
“ဟင့်အင်း ဟင့်အင်း ဟင့်အင်း”





“ဆေးထိုးရင် သိပ်နာမှာ”





“သား အဖျားပျောက်သွားပြီ။
အခု ကျောင်းသွားတော့မယ်”
ဆိုပြီးတော့ . . .





မောင်ထင် သူ့လွယ်အိတ်ကို
ဆွဲကာ ကျောင်းကို ပြေးသွားတာများ
လေတိုက်သလို ရှတ်ခနဲပဲ။





Phan Thành Đạt သည် ဟိုချီမင်းမြို့ အနုပညာတက္ကသိုလ်တွင် ပညာဆည်းပူးနေသည့် ကျောင်းသားတစ်ယောက်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ နာမည်ကြီးမဂ္ဂဇင်းများနှင့် စာအုပ်များအတွက် သရုပ်ဖော်ပန်းချီများကို ရေးဆွဲပေးခဲ့သည်။ Đạt ၏လက်ရာများသည် အရောင်အသွေးစုံလင်လှပြီး အမြဲတက်ကြွနေသည့် သဘောရှိသည်။ "ကျွန်တော့် စာအုပ်တွေဟာ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ ကလေး ပရိသတ်တွေကြားမှာ ပျော်ရွှင်တဲ့ဆက်ဆံရေးကို တည်ဆောက်ပေးလို့ အလွန်ဝမ်းသာမိပါတယ်" ဟု သူက ဆို၏။



Vũ Thị Thùy Dung သည် ဟိုချီမင်းမြို့ အနုပညာတက္ကသိုလ်မှ ဒီဂရီဘွဲ့ရရှိခဲ့ပြီး ကလေးများအတွက် စာအုပ်များစွာနှင့် ရုပ်ပြပန်းချီများစွာကို ရေးဆွဲပေးခဲ့သည်။ Room to Read တွင် ၂၀၁၁ ခုနှစ်မှ စတင်အလုပ်ဝင်ခဲ့ပြီး Room to Read နှင့် လက်တွဲကာ စာအုပ် ခြောက်အုပ်ကို ဗီယက်နမ်ဘာသာ စကားဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်သည်။



One morning, Ti doesn’t want to go to school.
He wants to stay home and play. So he pretends to be sick. Will his mom believe him?



တစ်မနက်ခင်းမှာ မောင်ထင်တစ်ယောက် ကျောင်း
မသွားချင်ဘူး ဖြစ်နေတယ်။ သူက အိမ်မှာနေပြီး
ကစားချင်တာ။ ဒါကြောင့် သူ ဖျားချင်ဟန်
ဆောင်ပါတော့တယ်။ သူ့မေမေက ယုံပါ့မလား။

